မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

October 24, 2025 Volume 95, Number 15

၂၄. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၈.၂၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၆.၂၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၆.၉၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၄.၀၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၈၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၁၀ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာ့ရော်ဘာကုန်ကြမ်းကို ဘယ်လာရုစ်လုပ်ငန်းရှင်များက ဝယ်ယူရန် ကမ်းလှမ်းမှုများရှိနေ



မြန်မာ့ရော်ဘာကုန်ကြမ်းကို ဘယ်လာရုစ်လုပ်ငန်းရှင်များက ဝယ်ယူရန်ကမ်းလှမ်းမှုများရှိနေကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရော်ဘာသည် ပြည်တွင်း၌ မွန်ပြည်နယ်တွင် အများဆုံးထွက်ရှိပြီး ဒုတိယအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယအနေဖြင့် ကရင်ပြည်နယ်တို့မှထွက်ရှိသည့်အပြင် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်း စိုက်ပျိုးလျက်ရှိရာ ရော်ဘာတင်ပို့သည့် နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေပြီး စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ကိုရီးယားနှင့်ဂျပန်စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင်လည်း ရော်ဘာကုန်ကြမ်းများ ကို ဝယ်ယူရန်အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များကကမ်းလှမ်းမှုများရှိနေရာဈေးနှုန်းနှင့် တင်ပို့နိုင်မည့်တန်ချိန်ကို ဆွေးနွေးညှိနှိုင်းနေကြောင်းသိရသည်။

“လက်ရှိတော့ ဘယ်လာရုစ်ကို ရော်ဘာတင်ပို့မှုတော့ မရှိသေးဘူး။ ဘယ်လာရုစ်နိုင်ငံ ကနေပြီးတော့ ဒီနိုင်ငံက ရော်ဘာတွေ ဝယ်ချင်တယ် ဆိုပြီးတော့ စကားပြောကမ်းလှမ်းထားတဲ့ ကုမ္ပဏီတွေရှိတယ်။ ပြီးတော့ လက်ရှိ သူတို့ကို ဒီကပေးနိုင်မဲ့ နမူနာတွေကို သူတို့ဓာတ်ခွဲခန်းထဲမှာ စစ်ဆေးပြီးတော့ ရသွားတဲ့ကုမ္ပဏီတွေလည်းရှိတယ်။ ရော်ဘာကတော့ လက်ရှိတင်ပို့နေတဲ့ RSS တို့ TSR တို့ပဲတင်ပို့ရမှာ။ အခုကတော့ တင်ပို့မှုနဲ့ ရောင်းဝယ်မှုကိစ္စတွေဆောင်ရွက်ဖို့ကိုတော့ ဆက်လက်စကားပြောနေတုန်းပဲပေါ့"ဟု ရော်ဘာစိုက်ပျိုးထုတ်လုပ်သူအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဘယ်လာရုစ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအများအပြားသည် ဗီယက်နမ်နိုင်ငံသို့ရောက်ရှိနေပြီဖြစ်ရာအချို့ထုတ်ကုန်များကို ဗီယက်နမ်နိုင်ငံမှတစ်ဆင့်တင်ပို့နိုင်မည်ဖြစ်ရာရော်ဘာကုန်ကြမ်းတင်ပို့ရန် လမ်းကြောင်းအတွက်လည်းဆွေးနွေးနေဆဲဖြစ်ကြောင်းသိရသည်။

" လမ်းကြောင်းတော့ ဘယ်လာရုစ်ကိုပို့ရင်တော့ ပင်လယ်ရေကြောင်းကပဲ သွားရမှာပေါ့။ ဗီယက်နမ်ဆိုရင်တော့ ပို့ရတာ ပိုနီးတာပေါ့နော်။ဈေးနှုန်းရောဘယ်ငွေနဲ့ပေးမလဲဆိုတာ ညှိနှိုင်းနေတာပေါ့။လက်ရှိဈေးနှုန်းအနေနဲ့က လက်ရှိကမ္ဘာ့ပေါက်ဈေးနဲ့အညီရဖို့တော့ ပြောထားတာပေါ့နော်။ငွေကြေးစနစ်တွေစကားပြောနေညှိနှိုင်းနေတုန်းပဲ။ ဝယ်လိုအားကတော့ မသိသေးဘူး" ဟု ၎င်းကဆက်လက်ပြောသည်။

မြန်မာနှင့်ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုလုပ်ငန်းများတွင် ငွေပေးချေမှုနှင့်စပ်လျဉ်းပြီး ရုရှားရူဘယ်ငွေဖြင့်သော်လည်းကောင်း၊ တရုတ်ယွမ်ငွေဖြင့်သော်လည်းကောင်း အပြန်အလှန်ပေးချေနိုင်ရန် ပြီးခဲ့သည့်ရက်ပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၏ ဘယ်လာရုစ်ခရီးစဉ်အတွင်း ညှိနှိုင်းဆောင်ရွက်ထားကြောင်းသိရသည်။

**Source :** https://www.npnewsmm.com/news/

## မကွေး၌ ဂေါ်ဖီထုပ်ဈေး နှစ်ဆကျော်မြင့်တက်လာ



မကွေးမြို့ရှိဈေးတွေမှာ ရောင်းချနေတဲ့ ရှမ်းကုန်စိမ်းဈေးကွက်မှာ ဂေါ်ဖီထုပ်နဲ့ပန်းဂေါ်ဖီဈေးက အရင်ကထက်နှစ်ဆကျော်မြင့်တက်နေတယ်လို့ ကုန်စိမ်းရောင်းချသူတွေက ပြောပါတယ်။

အခုကာလဟာ ဒေသတွင်းစိုက်ပျိုးတဲ့ ကုန်စိမ်းတွေ မထွက်ရှိသေးတာကြောင့် ရှမ်းပြည်နယ်ကနေ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ဂေါ်ရခါး၊ ပန်းဂေါ်ဖီ၊ မုန်ညင်း၊ အာလူး၊ ငရုတ်ပွသီး၊ ဘိုစားပဲသီးစတဲ့ ကုန်စိမ်းတွေကို မှာယူရောင်းချနေကြတာပါ။ ဂေါ်ဖီထုပ်နဲ့ပန်းဂေါ်ဖီကလွဲပြီး တခြားကုန်စိမ်းတွေကတော့ ဈေးအကျဘက်မှာရှိနေတယ်လို့ သိရပါတယ်။

ဂေါ်ဖီတစ်ထုပ်ကိုအရင်က ၁၅၀၀ ကျပ်ဝန်းကျင်ဈေးသာရှိခဲ့ပြီး အခုကတော့ ၃၅၀၀ ကျပ်ဈေးရှိပါတယ်။ ပန်းဂေါ်ဖီကလည်း တစ်ပွင့်ကို အရင်က ၁၈၀၀ ကျပ်ဈေးရှိခဲ့ရာက အခုကတော့ တစ်ပွင့်ကို ၃၅၀၀ ကျပ်ဝန်းကျင်ဈေးရှိနေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မတ်ပဲဈေးကျဆင်းမှုကြောင့် တောင်သူများအရှုံးပေါ်

မတ်ပဲဈေးနှုန်းများကျဆင်းနေမှုကြောင့် သီးနှံစိုက်တောင်သူများအနေဖြင့် အရှုံးပေါ်နေကြောင်း တောင်သူများကပြောသည်။

မတ်ပဲဈေးနှုန်းများမှာ ယမန်နှစ်ကထက် ၄၀ ရာခိုင်နှုန်းဝန်းကျင် ကျဆင်းခဲ့ခြင်းဖြစ်ပြီး သွင်းအားစုဈေးနှုန်းနှင့်အလုပ်သမားခအပါအဝင် စိုက်ပျိုးစရိတ်များမြင့်တက်မှုကြောင့်အရှုံးပေါ်နေရခြင်းဖြစ်သည်။



"ပဲကမပေါ်သေးဘူး၊ လက်ရှိဈေးနဲ့ကိုရှုံးနေပြီ။ မျိုးစေ့ဈေးကစပြီး အလုပ်သမားခအထိ ဈေးကမတန်တဆတက်နေတော့ ရှုံးတော့တာပေါ့"ဟု မြောင်မြို့နယ်မှ တောင်သူတစ်ဦးကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် နယ်မြေအခြေအနေအရ စိုက်ပျိုးရေး သွင်းအားစုများနှင့် စက်သုံးဆီသယ်ယူခွင့်ကန့်သတ်ချက်များကြောင့် ဒေသတွင်း၌ပင် ဈေးနှုန်းမြင့်မားစွာပေး၍ ဝယ်ယူသုံးစွဲနေရသည့်အတွက် ကုန်ကျစရိတ်မြင့်မားရခြင်းဖြစ်ကြောင်း တောင်သူများကဆိုသည်။

လတ်တလောတွင် မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၈၅,၀၀၀ ဝန်းကျင်သာရရှိပြီး ယမန်နှစ်က ၁၅၀,၀၀၀ ဝန်းကျင်အထိ ရရှိခဲ့ကြောင်းသိရသည်။

**Source :** https://opinionleadersmedia.com/news/21498/

## ရမည်းသင်းခရိုင် ဝါသီးနှံစိုက်ပျိုးမှုနှင့်ဈေးကွက်အခြေအနေ



မန္တလေးတိုင်းဒေသကြီး ၊ ရမည်းသင်းခရိုင်အတွင်း ဝါသီးနှံကို မိုးကြို၊ မိုး၊ မိုးနှောင်းဝါဟူ၍ စိုက်ပျိုးကြရာ စက်တင်ဘာလတွင် မိုးကြိုဝါရာသီကုန်ပြီး မိုးဝါမှာလည်း အောက်တိုဘာလတွင်ထွက်ရှိမည်ဖြစ်ကြောင်းသိရသည်။

မိုးကြိုဝါကို မတ်လ၊ ဧပြီလများကစိုက်ပျိုးခဲ့ပြီး ဇူလိုင်၊ ဩဂုတ် လများတွင် ကောက်သိမ်းခဲ့ကြောင်း၊ မိုးကြိုဝါ ဈေးကွက်တွင် တစ်ပိဿာ ၃၅၀၀ မှ ၄၂၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ရမည်းသင်းမြို့ပေါ်တွင် ဝါကုန်သည်ကြီးများက ဝါကို ကြိတ်၍ မန္တလေးမြို့ရှိ ချည်မျှင်စက်များ၊ စက်မှုဝန်ကြီးဌာနချည်မျှင်စက်နှင့်တပ်မတော်ချည်မျှင်စက်များသို့ ပြန်လည်ပေးသွင်းရောင်းချကြသည်။

ယခုနှစ် ဂွမ်းဈေးအနေဖြင့် ပုဂ္ဂလိကစက်များသို့ ရောင်းဈေးမှာ တစ်ပိဿာ ၈၀၀၀ မှ ၉၅၀၀ ရရှိခဲ့ပြီး စက်မှုဝန်ကြီးဌာန တင်ဒါဈေးအနေဖြင့် တစ်ပိဿာ ၁၁,၉၀၀ ကျပ်ဖြင့် ပေးသွင်းရကြောင်းသိရသည်။

ရမည်းသင်းခရိုင်အတွင်း ဝါသီးနှံကို ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးကြိုဝါစိုက်ဧက ၃၈၉၉ ဧက စိုက်ပျိုးပြီး တစ်ဧက အထွက်နှုန်း ပိဿာ ၃၀၀ ခန့်ထွက်ရှိကြောင်း၊ မိုးဝါကို ဩဂုတ်လကုန်အထိ ၁၂၇၅ ဧက စိုက်ပျိုးထားရာ အောက်တိုဘာလတွင် စတင်ပေါ်မည်ဖြစ်ကြောင်းသိရသည်။

ယခုနှစ်မိုးများသည့်အတွက် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အစိုက်နည်းကာ အထွက်နှုန်းမှာလည်း ကျဆင်းကြောင်းနှင့် ယခင်နှစ်က တစ်ဧက ၄၃၀ ပိဿာကျော် ထွက်ရှိကြောင်းသိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## မုံရွာ၌ ဆီသိုလှောင်ရန်အခက်အခဲကြောင့် ဆီစက်များရပ်နားထားရ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ ဆီစက်အချို့ဟာ ကြိတ်ခွဲထားသလောက် ဆီတွေမရောင်းရတဲ့အတွက် လက်ကျန်ဆီတွေများနေပြီး ရပ်နားထားရတယ်လို့ စစ်ကိုင်းတိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောပါ တယ်။



ပြည်တွင်းမှာ ဆီထွက်သီးနှံဈေးတွေကျတာနဲ့ စိုက်ပျိုးစရိတ်ကြီး မြင့်တာကြောင့် တောင်သူတွေ အရှုံးပေါ်လာကြပါတယ်။ ဒါကြောင့်လည်း တချို့တောင်သူတွေက စိုက်ပျိုးစရိတ်နဲ့ကိုက်ညီပြီးအမြတ်အစွန်းရမဲ့သီးနှံကိုပြောင်းလဲစိုက်ပျိုးလာကြတယ်လို့ ဆိုပါတယ်။

ဈေးကွက်ထဲမှာကြိတ်ခွဲပြီးသားဆီတွေဟာကြိတ်ခွဲထားသလောက်မရောင်းရတဲ့အတွက်သိုလှောင်ပမာဏများနေပြီး အခက်အခဲတွေရှိနေတယ်လို့ ၎င်းကပြောပါတယ်။

လက်ရှိမှာတော့ နှမ်းနက်တစ်တင်းကို ကျပ် ၂ သိန်းခွဲကနေ သုံးသိန်းထိ ဈေးကောင်းရနေတဲ့အတွက် တောင်သူအများစုက နှမ်းနက်ကို ရွေးချယ်စိုက်ပျိုးလာကြတယ်လို့ ဆိုပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးဟာ မြေပဲစိုက်ဧကအများဆုံးဖြစ်ပြီး နှမ်းနဲ့နေကြာစိုက်ပျိုးမှုလည်း များပြားတယ်လို့ သိရပါတယ်။

**Source :**https://onenewstvchannel.com/business/stock

## ၂၀၂၆ ခုနှစ် မတ်လအထိ ငွေစင်လက်ဝတ်ရတနာများ တင်သွင်းခြင်းကို အိန္ဒိယအစိုးရမှ တားမြစ်ပိတ်ပင်



အိန္ဒိယအစိုးရသည်စက်တင်ဘာလ ၂၄ ရက်နေ့မှစ၍ လာမည့်နှစ် ၂၀၂၆ ခုနှစ်မတ်လ ၃၁ ရက်နေ့အထိ နိုင်ငံအတွင်းသို့ ငွေလက်ဝတ်ရတနာများ တင်သွင်းမှုကို တားမြစ်ထားကြောင်း အမိန့်ကြော်ငြာစာအရ သိရသည်။

အဆိုပါပိတ်ပင်မှုသည် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (FTAs) ကို အလွဲသုံးစားလုပ်ခြင်းမှ တားဆီးရန်နှင့် လက်ဝတ်ရတနာအချောထည်များအဖြစ် ငွေအများအပြား တင်သွင်းမှုများကိုဖြေရှင်းရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းသိရသည်။

ကန့်သတ်ထားသည့် ကုန်ပစ္စည်းများတင်သွင်းရန် အစိုးရထံမှ လိုင်စင်လိုအပ်ပြီး အကောက်ခွန်ကင်းလွတ်မှုများ အောက်မှ ငွေလက်ဝတ်ရတနာများ တင်သွင်းမှု ကန့်သတ်ချက်များသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ (ဧပြီ-ဇွန် )မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ (ဧပြီ-ဇွန် )အထိတိုးမြင့်လာခြင်းဖြစ်သည်။

FTA ပါ ပြဋ္ဌာန်းချက်များကို ရှောင်တိမ်းသည့် သွင်းကုန်များသည် ပြည်တွင်းထုတ်လုပ်သူများကို ဆိုးဆိုးရွားရွား ထိခိုက်စေပြီး ကျောက်မျက်ရတနာကဏ္ဍတွင် အလုပ်အကိုင်ရရှိရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်သည် အိန္ဒိယ၏ လက်ဝတ်ရတနာထုတ်လုပ်သူများအတွက် ဈေးကွက်များပိုမိုကျယ်ပြန့်စေပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏အကျိုးစီးပွားကို ကာကွယ်ကာ ကဏ္ဍအတွင်းရှိ အလုပ်သမားများအတွက် အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများ ပိုမိုလုံခြုံစေမည်ဟု အစိုးရမှ ယုံကြည်ထားကြောင်းသိရသည်။

**Source : indiatoday**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (24.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Oct. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,983 (Shares) | 29,753,450 (MMK) |

### Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 440 | 3,740,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 5,560 | 19,171,950 | 38,929,150 | 134,306 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 519 | 1,193,700 | 29,664,613 | 68,229 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 199 | 567,150 | 12,823,224 | 36,546 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 1,653 | 3,030,550 | 19,977,223 | 36,958 |
| AMATA | 00007 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 0 | 0 | 10,497,598 | 36,742 |
| MAEX | 00008 | 3,350 | +50 | +1.52% | 3,350 | 3,350 | 3,300 | 612 | 2,050,100 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 24th Oct. 2025

### Today's summary

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.43 | +1.67 | +0.42% | 399.87 | 401.43 | 399.76 | 8,983 | 29,753,450 | 8 | 757,168 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 24th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 9,333 (Shares) | 30,690,450 (MMK) |

## Main Board

As of 1:00 pm, 24th Oct. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,983 (Shares) | 29,753,450 (MMK) |

| MYANPIX | 401.43 ▲ 1.67 |
|---|---|
| Total Volume (shares) | 8,983 |
| Total Value (MMK) | 30 mil |
| Listed Company | 8 |
| Market Cap. (MMK) | 757,168 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 2,300 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,500 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 50 |